## ဓါးပေါင်းပေး "သွေးပြီးမှကိုင်"

အတိတ်က ဒါနရိက္ခာပါမလာသူ ... လက်ရှိဘဝ ကာမစည်းစိမ်ခံစားရာ၌ ဘဝပေးနံ့ချာမည် မုချတည်း။ အတိတ်က သီလရိက္ခာပါမလာသူ ... လက်ရှိဘဝ ကျန်းမာရေးနံ့ချာမည် ဧကန်တည်း။ အတိတ်က ဘာဝနာရိက္ခာ ပါမလာသူ ... လက်ရှိဘဝ၌ ပညာရေးနံ့ချာမည်မှာ လက်တွေ့တည်း။ ထိုသုံးဦးတို့ ..... ကန်နိမ့်ကို မြှင့်တင်ပေးမှသာ ရေတင်များ ရေအားကောင်းသုံးရဘိသကဲ့သို့ လည်းကောင်း၊ ကန်ပေါက်ကိုဖာ ထေးပေးမှသာ ထားရာရေ အနေကျ ကြာမျိုးစုံ ခဘိသကဲ့သို့လည်းကောင်း၊ ရေကျကောင်းရာ ကန်ဆည် ပေးထားမှသာ စီးသမျှ ဂင်ကန်ပီပြင်ဘိသို့လည်းကောင်း၊ ယခုဘဝမှာတွင် ဒါနမှု၊ သီလမှု၊ ဘာဝနာမှု တို့ ကိုပြုစုဖို့လိုအပ်လေသည်။ စေတနာရှေ့တိုးကောင်း နောက်ကြောင်းအကျိုးပေး များမနေသာပြီတကား။ မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ဩဝါဒ

## သာသနာကွယ်ကြောင်းတရားကြီးများ

အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်၊ သဒ္ဓမ္မဝဂ်၊ ပဌမသဒ္ဓမ္မသမ္မောသသုတ်တော် တွင်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာသနာကွယ်စေနိုင်သော တရားကြီးများကို ဟောကြား တော်မူခဲ့ပါသည်။

၁။ တရားမနာခြင်း၊

မြတ်စွာဘုရားရှင်၏တရားဒေသနာတော်များကိုနာယူခြင်းမရှိခြင်းသည် သာသနာကွယ်စေခြင်းအကြောင်း အစပဌမပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တရားမနာယူသည့်အတွက် .....

က) မကြားဘူးသောအကြောင်းအရာများကိုကြားရခြင်းမှ ကင်းဝေးသွားပါသည်။

ခ) ကြားဘူးသောအကြောင်းအရာများကို ထပ်၍ရှင်းလင်းစွာ နားလည်နိုင်ရန် လည်းမဖြစ်နိုင်တော့ပါ။

ဂ) ယုံမှားသံသယဖြစ်နေသော အချက်များ၌ ယုံမှားကင်းရခြင်းမရှိသည့်ပြင် ပို၍ပင်တိုးလာနိုင်ပါသည်။

ဃ) အယူမှန်သမ္မာဒိဋ္ဌိကိုမည်သို့မှမရနိုင်တော့ပါ။

င) သဒ္ဓါပညာမရှိတော့၍ စိတ်ကြည်လင်နိုင်ခြင်းမရရှိတော့ပါ။

ကာလေနဓမ္မသာဝနမင်္ဂလာ ဟုဆိုသည့် အခါအားလျော်စွာ တရားနာခြင်း မရှိသောသူများသည် သာသနာတော်ကိုဖျက်ဆီးနေခြင်းမဟုတ်သော်လည်း ပျက်စီးစေနိုင်ပါသည်။ အကြောင်းမှာ အယူမမှန်သော သံသယများစွာထုံလွှမ်း နေသောသူများက သယ်ဆောင်လာမည့်သာသနာအတွက် မတွေးပုံ့စရာပင်။

ထို့ကြောင့် နေ့စဉ်တရားနာခြင်းအမှုအားပြုလုပ်ခြင်းဖြင့် သာသနာတော်အား စောင့်ရှောက် သူများဖြစ်နိုင်ကြ ပါစေ။

၂။ စာပေမသင်ခြင်း၊

မြတ်စွာဘုရားရှင်၏ပိဋကတ်စာပေများကိုသင်ကြားမှုမရှိခြင်းသည်လည်း သာသနာတော်ကိုပျက်စီးစေ နိုင်ပါ သည်။ တရားစာပေများကိုသင်ယူ ကျက်မှတ်ထားခြင်းမရှိပါကအမှား အမှန်ခွဲခြားသိမြင်နိုင်မည်မဟုတ်ပေ။ နောက်ဆုံးတော့ အသိများတော့၊ အမှတ်များတယ်၊အမှတ်များတော့ အယူမှားပြီး တခြားဘာသာဝင်ဖြစ် သွားတက်ပါသည်။ ထို့ကြောင့် တရာစာပေများ လေ့လာသင်ယူပြီး သာသနာတော်ကို စောင့်ရှောက် နိုင်ကြပါ စေ။

၃။ နှုတ်တွင်မဆောင်ထားခြင်း၊

သင်အံကျက်မှတ်ထားသော စာပေများကို နှုတ်တတ်အာဂုံဆောင်ထားခြင်း မရှိပါကလည်း အလွဲလွဲအမှားမှားဖြစ်ခြင်းကြောင့်လည်းသာသနာတော်ပျက် စီးစေ နိုင်ပါသည်။ အာဂုံဆောင်မှု အာဂလူဖြစ် ရိုးထုံးစံရှိပါသည်။ ထို့ကြောင့် ဗုဒ္ဓတရားတော်များကို ကျက်မှတ်ပြီး နှုတ်တွင်ဆောင်၍သာသနာတော်ကို စောင့် ရှောက်နိုင်ကြပါစေ။

၄။ သိအောင်မမှတ်ခြင်း၊

သင်အံကျက်မှတ်ထားသည်များကိုမှတ်မှတ်သားသားမထား ရှိသဖြင့်နှောင်းလူတို့လေ့လာခြင်းဌာမစွမ်းသာခြင်းသည်လ

ည်းသာသနာတော်ကွယ်စေကြောင်း တစ်ခုပင်ဖြစ်သည်။
မိမိသိပြီးသားတရားတော်များကို မိမိ သိရုံသာ မဟုတ်ဘဲ
နောင်းလူငယ်တို့လေ့လာ ဆည်းပူးနိုင်အောင်မှတ်သား၊
ဖြန့်ဝေ သင့်ပေသည်။ သို့မှသာသနာတော်
သည်နှစ်ပေါင်းရှည်ကြာစွာ တည်တံ့ နိုင်ပေလိမ့်မည်။

## ၅။ ပဋိပတ်ကင်းကွာခြင်း၊

ဆောင်ထားအပ်သောတရားသဘောတို့၏
အနက်အဓိပ္ပါယ်ကို ရှိသေစွာ
ဉာဏ်ဖြင့်မစူးစမ်းမဆင်ခြင်ကုန်။ အနက်သဘောကိုသိ၍၊
တရားသဘောကိုသိ၍ (လောကုတ္တရာ) တရား
အားလျော်သော အကျင့်ကို ရှိသေစွာမကျင့်ကုန်။
ထိုသို့သော မပြုသင့်မပြုကျင့်အပ်သည်များကို
ကျင့်နေခြင်းဖြင့်သာသနာကွယ် စေနိုင်ပါသည်ဟု
မြတ်စွာဘုရားရှင်သည် အဂုတ္တိုရ်ပါဠိတော်၊ သဒ္ဓမ္မဝဂ်၌ အ
ထင်အရှားမိန့်မှာတော်မူခဲ့ပါသည်။

## နိုးဆော်ချက်။ ။

စာဖက်သူများအနေနဲ့လည်း မိမိသိရှိပြီးသော
တရားတော်များကို လိုက်ကျင့်ကြပါ။
အသိကို လိုက်မကျင့်တော့ သိသလို မသိသလိုနဲ့
နောက်ဆုံးတော့ မသိတာဘဲ ဖြစ်သွား
တက်သည်ကို သတိ သံဝေဂ ရကြပါကုန်။ ။